ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်

အမှတ်၊ ၇ / ၂၀၂၂

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

(၂၀၂၂ ခုနှစ်၊ ဇွန် လ ၁၈ ရက်)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း(Reinvestment )များအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၈၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းမှရရှိသည့်အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံခြင်း (Reinvestment) အပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်စပ်လျဉ်း၍ မည်သို့လိုက်နာကျင့်သုံးရမည်ကို ရှင်းလင်းစွာသိရှိရန်အတွက် ထုတ်ပြန်သတ်မှတ်ခြင်းဖြစ်ပါသည်။

သက်ဆိုင်သည့်အကြောင်းအရာ

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၈၊ ပုဒ်မခွဲ (က) အရ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုရာတွင် ကင်းလွတ်ခွင့်ပြုသည့် ဘဏ္ဍာနှစ်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနက မည်သို့သတ်မှတ်ကျင့်သုံးကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

အကျိုးသက်ရောက်သူများ

၃။ ဤလိုက်နာကျင့်သုံးရန်ထုတ်ပြန်သတ်မှတ်ချက်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၈၊ ပုဒ်မခွဲ (က) အရ ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် အကျိုးသက်ရောက်ပါသည်။

သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဓ)တွင် **"ဝင်ငွေနှစ်ဆိုသည်မှာ ဝင်ငွေရရှိသည့်နှစ်ကို ဆိုသည်"** ဟု လည်းကောင်း၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဈ)တွင် **"စည်းကြပ်နှစ်ဆိုသည်မှာ ဝင်ငွေနှစ်နှင့်တစ်ဆက်တည်းဖြစ်သော နောက်နှစ်ကိုဆိုသည်"** ဟု လည်းကောင်း ၊ ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ဃ) တွင် **" ရင်းနှီးမြှုပ်နှံမှုနှင့် အထူးစီးပွားရေးဇုန်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်များပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်"**ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၅။ ထို့ပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၈ ၊ ပုဒ်မခွဲ (က) တွင် **"ကော်မရှင်၏ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကို အဆိုပါရင်းနှီး**

မြှုပ်နှံမှုလုပ်ငန်းတွင်ဖြစ်စေ၊ ၎င်း၏အခြားအမျိုးအစားတူ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင်ဖြစ်စေ တစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံသည့်အမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် " ပြုနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

**လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်**

၆။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၈၊ ပုဒ်မခွဲ (က) အရ လုပ်ငန်းမှရရှိသည့်အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိပါက ကင်းလွတ်ခွင့်ပြုသည့်ဘဏ္ဍာနှစ်မှ ရရှိသောအမြတ်ငွေကို တစ်ဆက်တည်းဖြစ်သည့်နောက်ဘဏ္ဍာနှစ်တွင် အဆိုပါလုပ်ငန်းတွင်ဖြစ်စေ၊ ၎င်း၏အခြားအမျိုးအစားတူလုပ်ငန်းတွင်ဖြစ်စေ ပြန်လည်ရင်းနှီးမြှုပ်နှံနိုင်ပြီး အဆိုပါမြတ်စွန်းငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ရရှိမည် ဖြစ်ပါသည်။

၇။ သို့ဖြစ်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအနေဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးသည့် ဘဏ္ဍာနှစ်အတွက် ဝင်ငွေကြေညာလွှာ ပြင်ဆင်တင်သွင်းရန်လိုအပ်ပါက အဆိုပါဘဏ္ဍာနှစ်အတွက် ပြင်ဆင်ထားသည့်ကြေညာလွှာကို တင်သွင်းရမည် ဖြစ်သည်။

၈။ သို့ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၈၊ ပုဒ်မခွဲ (က) အရ လုပ်ငန်းမှရရှိသည့်အမြတ်ငွေကို ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးထားသော်လည်း **ကင်းလွတ်ခွင့်ပြုသည့် ဘဏ္ဍာနှစ်မတိုင်မီ ရရှိခဲ့သည့်အမြတ်ငွေအား** တစ်ဆက်တည်းဖြစ်သော နောက်ဘဏ္ဍာနှစ်(ကင်းလွတ်ခွင့်ပြုသည့်နှစ်)တွင် ပြန်လည်ရင်းနှီးမြှုပ်နှံပါက ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိမည်မဟုတ်ပါ။

၉။ ဤလိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် အောက်ပါနမူနာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြပါသည်-

(က) နမူနာ - ၁





(၁) **ဖြစ်စဉ်။** ကုမ္ပဏီ "A" သည် MIC ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၈ ၊ ပုဒ်မခွဲ(က) အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှအမြတ်ငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်

ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခဲ့ပါသည်။ သို့ရာတွင် ကုမ္ပဏီ "A" သည် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းအပေါ် ကင်းလွတ်ခွင့်ပြုထားခြင်း မရှိသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်(ဝင်ငွေနှစ်) တွင် ရရှိခဲ့သော အမြတ်ငွေမှ ငွေပမာဏတချို့ကို ကင်းလွတ်ခွင့်ရသည့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် (စည်းကြပ်နှစ်) တွင် ၎င်း၏ စီးပွားရေးလုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဝင်ငွေနှစ်) အတွက် ကုမ္ပဏီ "A" ၏ ရရှိသော အမြတ်ငွေမှာ ၂,၀၀၀,၀၀၀,၀၀၀ ကျပ်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (စည်းကြပ်နှစ်) တွင် အမှန်တကယ် ပြန်လည်ရင်းနှီးမြှုပ်နှံသည့် အမြတ်ငွေ မှာ ၁,၀၀၀,၀၀၀,၀၀၀ ကျပ် ဖြစ်ပါသည်။

(၂) **လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ကုမ္ပဏီ "A" သည် ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်(ဝင်ငွေနှစ်)တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် မရရှိပါ။ ထို့ကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်(ဝင်ငွေနှစ်)တွင် ရရှိခဲ့သော စုစုပေါင်းအမြတ်ငွေ ၂,၀၀၀,၀၀၀,၀၀၀ ကျပ်မှ ၁,၀၀၀,၀၀၀,၀၀၀ ကျပ်ကို ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်(စည်းကြပ်နှစ်)တွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းသည် ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် အကျုံးဝင်ခြင်းမရှိပါ။ တစ်နည်းအားဖြင့် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းအတွက် ကင်းလွတ်ခွင့်မရရှိသေးမီ ကာလဖြစ်သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဝင်ငွေနှစ်)တွင် ပေါ်ပေါက်သည့်အမြတ်ငွေ ၂,၀၀၀,၀၀၀,၀၀၀ ကျပ်မှ ၁,၀၀၀,၀၀၀,၀၀ ၀ ကျပ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(စည်းကြပ်နှစ်)တွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းအပေါ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်(ဝင်ငွေနှစ်)အတွက် ဝင်ငွေခွန်စည်းကြပ်ရာတွင် ကင်းလွတ်ခွင့်မပြုပါ။

(ခ) နမူနာ - ၂




(၁) **ဖြစ်စဉ်။** ကုမ္ပဏီ "B" သည် MIC ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်လျက်ရှိပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၈၊ ပုဒ်မခွဲ (က) အရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ အမြတ်ငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခဲ့

ပါသည်။ ကုမ္ပဏီ “B” သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဝင်ငွေနှစ်)အတွက် ဘဏ္ဍာရေးရှင်းတမ်းအရ အမြတ်ငွေမှ တချို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်(စည်းကြပ်နှစ်)၌ ၎င်း၏ စီးပွားရေးလုပ်ငန်းတွင် အမှန်တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဝင်ငွေနှစ်)အတွက် ကုမ္ပဏီ“B”၏ အမြတ်ငွေမှာ ၂,၀၀၀,၀၀၀,၀၀၀ ကျပ် ဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်(စည်းကြပ်နှစ်)တွင် အမှန်တကယ် ပြန်လည်ရင်းနှီးမြှုပ်နှံသည့် အမြတ်ငွေမှာ ၁,၀၀၀,၀၀၀,၀၀၀ ကျပ် ဖြစ်ပါသည်။

(၂) **လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ကုမ္ပဏီ“B”သည် ပြန်လည်ရင်းနှီးမြှုပ်နှံရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဝင်ငွေနှစ်) တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် ရရှိခဲ့ပါသည်။ ကုမ္ပဏီ “B” ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဝင်ငွေနှစ်) တွင် ရရှိခဲ့သော စုစုပေါင်းအမြတ်ငွေ ၂,၀၀၀,၀၀၀,၀၀၀ ကျပ်မှ ၁,၀၀၀,၀၀၀,၀၀၀ ကျပ်ကို တစ်ဆက်တည်းဖြစ်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်(စည်းကြပ်နှစ်)တွင် ပြန်လည်ရင်းနှီးမြှုပ်နှံမှု ပြုခြင်းအတွက် ထိုသို့အမှန်တကယ်ရင်းနှီးမြှုပ်နှံမှုပြုလိုက်သည့် ၁,၀၀၀,၀၀၀,၀၀၀ ကျပ်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဝင်ငွေနှစ်)အတွက် ဝင်ငွေခွန်စည်းကြပ်ရာတွင် ကင်းလွတ်ခွင့်ပြုမည် ဖြစ်ပါသည်။ သို့ဖြစ်၍ ကုမ္ပဏီ“B”အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (ဝင်ငွေနှစ်)အတွက် ပြင်ဆင်ထားသည့် ကြေညာလွှာကို ထပ်မံတင်သွင်းရန် လိုအပ်မည် ဖြစ်ပါသည်။

၁၀။ ဤလိုက်နာကျင့်သုံးရန် သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

၁၁။ ပြည်တွင်းအခွန်များဦးစီးဌာန၏ ၄-၁၀-၂၀၁၉ရက်စွဲပါ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်အမှတ်၊ ၆/၂၀၁၉ အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

( မင်းထွဋ် )
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၂)/ ဥစ-၁/ ပတခ/ ၂၀၂၁ ( ၆၄၃၅ )
ရက် စွဲ ၊ ၂၀၂၁ ခုနှစ်၊ ဇွန် လ ၃၀ ရက်

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံစာရင်းကောင်စီ
ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။
ဒုတိယညွှန်ကြားရေးမှူးချုပ်(အားလုံး)၊ ပြည်တွင်းအခွန်များဦးစီးဌာန
ဌာနခွဲညွှန်ကြားရေးမှူး(အားလုံး)၊ ပြည်တွင်းအခွန်များဦးစီးဌာန

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး
ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊(၂)၊(၃)၊(၄)၊(၅)
တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးအားလုံး
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး(နေပြည်တော်)
တာဝန်ခံအရာရှိ၊ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့

} သက်ဆိုင်ရာအခွန်ထမ်းများကို အသိပေး ရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ